# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့်လှုပ်ရှားတက်ကြွသူများကို (နအဖ)စစ်အစိုးရက ဖမ်းဆီးထိန်းသိမ်းလိုက်ခြင်းအပေါ် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၀၇ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)

ဆန္ဒပြခြင်း ၊ သပိတ်မှောက်ခြင်း၊ ကန့်ကွက်ခြင်း၊ ထကြွတော်လှန်ခြင်းများသည် ဖိနှိပ်ချုပ်ချယ်မှုများ၏ တိုက်ရိုက်အကျိုးဆက်ရလဒ်ပင်ဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးအဖက်ဖက်က ဖိနှိပ်ကျပ်တည်းလာသောအခါ ဆန္ဒပြခြင်း၊ သပိတ်မှောက်ခြင်း၊ ကန့်ကွက်ခြင်း၊ ထကြွတော်လှန်ခြင်းများဆိုသည့် လက်နက်များကို ပြည်သူလူထုက သူ၏ဘဝပေးအသိအရ ရဲရင့်စွာကိုင်စွဲတိုက်ပွဲဝင်လာကြမည်သာဖြစ်သည်။

(နအဖ)စစ်အစိုးရက လောင်စာဆီဈေးနှုန်းများကို ကြိုတင်အသိပေးအကြောင်းကြားခြင်းမရှိပဲ၊ ရုတ်တရက်တိုးမြှင့်လိုက်သည်။ ထိုအခါ သယ်ယူပို့ဆောင်ရေးစရိတ်နှင့် အထွေထွေကုန်ဈေးနှုန်းများသည် ယခင်ကထက် အဆပေါင်းများစွာ ထိုးတက်သွားတော့သည်။ အလုပ်သမားများ၊ လယ်သမားများ၊ ဝန်ထမ်းများ၏လစာလုပ်ခသည်မြင့်တက်သွားသောသယ်ယူပို့ဆောင်ရေးနှင့်အထွေထွေကုန်ဈေးနှုန်းစရိတ်များကို လိုက်၍မမီနိုင်တော့ချေ။

ထိုအခါတရားနည်းလမ်းကျစွာပင် သယ်ယူပို့ဆောင်ရေးနှင့်အထွေထွေကုန်ဈေးနှုန်းစရိတ်များကျဆင်းရေးကို လုပ်သားပြည်သူအများစုကတောင်းဆိုဆန္ဒပြကြမည်သာဖြစ်သည်၊ သပိတ်မှောက်ကန့်ကွက်ကြရမည်သာဖြစ်သည်၊ အခြားနည်းလမ်းမရှိပါ။

ယင်းသို့ တရားနည်းလမ်းကျစွာတောင်းဆိုဆန္ဒပြခြင်းနှင့် ယင်းသို့ ဆန္ဒပြတောင်းဆိုရန် ရှေ့ဆောင်ရှေ့ရွက်ပြုနေသည့် ‘၈၈မျိုးဆက်ကျောင်းသားများနှင့်တက်ကြွလှုပ်ရှားသူများ’ ကိုဖမ်းဆီးထိန်းသိမ်းခြင်းဖြင့်(နအဖ)စစ်အစိုးရကတုန့်ပြန်ဖြေရှင်းနေသည်။ ယင်းသည် မိုက်မဲလှသည့်နည်းလမ်းပင်ဖြစ်သည်။

တကယ်တော့(နအဖ)စစ်အစိုးရသည် ကြီးမားပြင်းထန်လာမည့်လူထုလှုပ်ရှားမှုကြီးကို ရှောင်လွှဲနိုင်ရန် အချည်းအနှီးကြိုးပမ်းခြင်းသာဖြစ်သည်။ ယင်းနည်းလမ်းသည် ပြဿနာကို တဆင့်ထက် တဆင့်ပိုမို ဆိုးဝါးနက်ရှိုင်းစေလိမ့်မည်သာဖြစ်သည်။

ပြဿနာ၏မူလဇစ်မြစ်ဖြစ်သော နိုင်ငံရေးပြဿနာများနှင့်(နအဖ)စစ်အစိုးရ၏စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့်ဖြစ်ပေါ်လာရသော အထွေထွေစီးပွားရေးပြဿနာများကို အမြန်ဆုံးဖြေရှင်းရမည်သာဖြစ်သည်။

ထိုသို့အမြန်ဆုံးဖြေရှင်းရန်နှင့် ဖမ်းဆီးထိန်းသိမ်းထားသော ‘၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့်တက်ကြွလှုပ်ရှားသူများ’ ကို ချက်ချင်းလွှတ်ပေးရန် လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ က တောင်းဆိုပါသည်။

‘၈၈မျိုးဆက်ကျောင်းသားခေါင်းဆောင်များနှင့်တက်ကြွလှုပ်ရှားသူများ’ အား(နအဖ)စစ်အစိုးရက ယခုကဲ့သို့ဖမ်းဆီးထိန်းသိမ်းထားခြင်းကို လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ပြင်းထန်စွာကန့်ကွက်ပါသည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)